ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွာထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

**National Community Driven Development Project**

**(NCDDP)**



ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

နွားထိုးကြီးမြို့


၂၀၁၇ ခုနှစ်

ဒိုင်းလည်ကျေးရွာ၊ဒိုင်းလည်အုပ်စု


မာတိကာ စာမျက်နှာ


| | |
|---|---|
| ၁။မြို့နယ်မြေပုံ | ၁ |
| ၂။ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ |
| ၄။ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅။လူထုပူးပေါင်းပါဝင်ဆန်းစစ်ခြင်း | ၆ |
| ၆။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၇ |
| ၇။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် | ၈ |
| တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ | ၉ |
| ၈။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၁ |
| ၉။ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၂ |
| ၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၅ |
| ၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၇ |
| ၁၂။အစည်းဝေးမှတ်တမ်းများ | ၂၉ |
| ၁၃။ကျေးရွာကော်မတီဝင်များစာရင်း | ၃၃ |
| ၁၄။ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၄ |
| ၁၅။VDP အရည်အသွေး ထိန်းချုပ်မှု | ၃၆ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



လောင်တီကျူ၂၁.၃၇၈၃၃၉၇၆၇ လက်တီကျူ - ၉၅.၇၇၀၃၇၈၁၁

**၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း**

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|
| ၂ | ဒိုင်းလည် | ဒိုင်းလည်ကျေးရွာ |

၄။ကျေးရွာသမိုင်းကြောင်းကျေး

## ဒိုင်လည်ကျေးရွာသမိုင်းကြောင်း

ဒိုင်းလည်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်း တည်ရှိပါသည်။မဇ္ဈိုတိုင်း ကပ္ပိလဂတ်ပြည် အိန္ဒိယပြည်မှာ အသက်တစ်ရာတန်းတွင် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူ၍ ကောသနတိုင်း ကောသနဘုရင်က သာကီဝင်မင်းမျိုး ဘုရားမျိုးတွေထံမှ ဘုရားမျိုးဖြစ် လာစေရန် မိဖုရားမြောက်စားရန် ဘုရားမျိုးဖြစ်သော သာကီဝင်မင်းသမီးကို သုဒ္ဓေါဓနမင်းကြီးထံ သမီးကညာလာတောင်းသည်။

သာကီဝင်ဘုရားမျိုးသည် အမျိုးအနွယ် မာန်တက်နေသဖြင့် အမျိုးမရောစေရန် သာကီမင်းသမီး မပေးဘဲ ကျွန် မကိုပေးလိုက်ပါသည်။ ကျွန်မကမွေးသော မင်းသားဝိဒရူပ ဘုရင်ဖြစ်သော် ကျွန်မသားမှန်းသိသောအခါ ဘုရားမျိုးများကိုခါးမိုးရှာမယ်ဆိုပြီး ဘုရားမျိုးနွယ်များကိုလိုက်လံသတ်သောကြောင့် တိုင်းပြည်နယ်စပ်ဖြစ်တဲ့ မြန်မာနိုင်ငံထွက်ပြေးလာခဲ့ကြသည်။

ဒါနဲ့ဗမာအစ တကောင်းကဟု အမည်တွင်သလို မင်းညီမင်းသားများ တိုင်းခန်းလှည့်လှည်ပြီး နယ်ချဲ့နေရာရှာနေရသော အခါ ဗိုင်းသည်ရွာ၏မြောက်ဘက် တောင်တစ်တောင်တွေ့ခဲ့ကြခဲ့သည်။ ထိုကြောင့် မြင်းတစ်ဆယ်ကောင် ကျော်စေလွှတ်ပြီး ထိုတောင်သို့လာရန်ဖိတ်ခေါ်ခိုင်းလိုက်သည်။ မင်းသားများ ရောက်လာသောအခါ မင်းသားများစုံညီနေသောကြောင့် မင်းစုံတောင်ဟုအမည်ပေးခဲ့သည်။

မင်းစုံတောင်ဘုရားတည်ရှိရာ အများပြည်သူပိုင်ဘုရားဖြစ်စေခြင်းငှာ မင်းသား၊မင်းသမီး၊အမတ်နှင့်ဝန်ကြီး ရှာနည်းစပ်မှ ရွာသူရွာသားများ ကို တစ်ယောက်လျှင်အုတ်တစ်ချပ် သဲတစ်ပွင့် အင်္ဂတေ တစ်ထုပ် ရေတစ်မှုတ်ယူဆောင်ပြီး အမြင့်ဆုံးတောင်ပေါ်မှ သယ်ယူကြရမည်ဟုမင်းသားချုပ်က အမိန့်ပေးလိုက်သည်။ မင်းသမီးတစ်ပါးက ကျွန်ုပ်ကတော့ မတက်နိုင်ပါဟု ငြင်းဆံသည်အတွက် တောင်ဘက်နားမှာ ဗိုင်းသည်ရွာသို့ ဗိုင်းငင်ခိုင်စေ၍ ရွှေငွေ၊အစောင့်မတ်တစ်ယောက် မြောက်ဘက်တွင် ရွာကုဆိုတဲ့ ယခုစိုက်ပျိုးနေသော ယာများသည် ယခင်က စစ်တပ်တို့သည် စစ်တိုက်ရာတွင်ခံ/တိုက်စစ်ရယ်လို့ ရှိရာမှခံစစ် ရယ်လို့ရှိရာမှခံစစ်တိုသည် တောင်ကုန်းအမြင့်ပေါ်ကနေရာယူသည်။ ဒါကြောင့် တောင်တွေရှိရာကို အမှီသဟဲပြု နေရာယူကြ၍မင်းစုံတောင်အနေဖြင့် နေရာယူကြသည်ထင်ပါသည်။

ဒိုင်းလည်ရွာ၏မြောက်ဘက်နားတောကျောင်းတစ်ကျောင်းရှိသည်။၄င်း ဗိုင်သည်ရွာကို မိဖုရားတစ်ပါးနှင့် ဘိုးဘိုးတစ်ပါးနေထိုင်ကြရာ တောကျောင်းကိုမြင်းနဲ့သွား၍ မြင်းရပ်ဟီးသောနေရာကို ထိုနေရာဘုရားတည်သင့်သည်ဟု ယူဆပြီး ရွှေငွေများကိုလှည်းနဲ့တင်ချပြီး ဘုရားတစ်ဆူတည်ခဲ့သည်။ ထိုဘုရားကိုတောကျောင်းကုန်းဘုရားဟုအမည်တွင်ပါသည်။

မိဖုရာသည် မိဖုရားအဖြစ် စိတ်ဆင်းရဲသောကြောင့် စိတ်နာပြီး ဒီရွာမှာမိန်းကလေးမွေးလာပါက လူမက နက်တမျလှပသော မိန်းကလေးများမွေးဖွားလာပါစေ၊ မွေးပြီးလျင်လည်း၁၆နှစ်ရှိလျင် သေပါစေဟူ၍ကျိန်စာဆိုခဲ့ပါသည်။ ဘုရင်များတော်ကောက်မှု မရှိစေရန် မိဖုရားကျိန်စာဆိုပြီးနောက်မွေးလာသောမိန်းကလေးများသည် အလွန်လှပပြီး

ကျိန်စာအတိုင်း၁၆နှစ်ပြည့်လျှင်သေကုန်ကြပါသည်။ နှစ်အတန်ငယ်ကြာလာသောအခါ ဘိုးဘိုးနှင့် ရွာလူကြီးများ ရွာရွှေ့ပြောင်းရန်တိုင်ပင်ကြပြီး ရွာအသစ်တည်ရန် တောင်ဘက်သို့တက်ပြီးနေရာရှာဖွေကြလေသည်။ နေရာလာရှာရာတွင် လေးဗုဒ္ဓ-စူနနီငယ်-မင်းမဟော် ရွှေဘုန်းကြောင့် စစ်အားလုံး ညီးဖြန်းခဲ့ပြီးဆိုတဲ့ အလင်္ကာတိုင်း ဗုဒ္ဓဟူးနေ့ လေးဖဝါးရှိသောအချိန်ထွက်၍ ရွာနေရာကိုသက်မှတ်ခဲ့ကြသည်။

လင်္ကာသဘောက ဗုဒ္ဓဟူး လေးဖဝါးရှိသောအချိန် မဟော်သဓါ၏ ဘုန်းကန်ကြောင့် စစ်တပ်တွင်စစ်ရှုံးခဲ့ရသည်။ ထိုကြောင့် ဒီအချိန်တွင် ရန်ဟူသမျှ အောင်မြင်ရမည် ဘုန်းကြက်သရေနှင့် ပြည့်စုံရမည် အသက်ရှည်ရမည် ဆိုသောအတိတ်နမိတ် ဟူ၍ရွာကိုစတင် ပနက်ချခဲ့သည်။ ရွာ၏တောင်ဘက်တွင်သက်တော်ရှည်ဘိုးဘိုးကြီး ရောက်သောအခါ မြင်းဟီးပြန်သည် ထိုနေရာတွင် ဘုရားတည်သင့်သည်ဟုယူဆကာ ဘုရားတည်ခဲ့သည်။ ရွာသူ/ရွာသားများသည် အသက်ရှည်စေရန် အယူအဆဖြင့် သက်တော်ရှည်ဘိုးဘိုးတည်ခဲ့သောကြောင့် သက်တောရှည်ဘုရားဟုအမည်တွင်ခဲ့သည်။

ရွာသစ်တည်ပြီးသောအခါ ရွာအမည်ပေးရန်သက်တော်ရှည်ဘိုးဘိုးနှင့် ရွာလူကြီးများတိုင်ပင်သည့်အခါ အရှေ့ခက်လန်းရွာ အထိ တစ်တိုင်တောင် ၊ တပါယ်ရွာထိ တစ်တိုင်၊ အနောက် ကျီးကန်ဒေါင့်မိုးအထိ တစ်တိုင်၊ဖက်ရူးထိတစ်တိုင်စီ ဝေးပြီးတော့ တစ်တိုင်ပတ်လည် အလယ်တွင် ရှိသောကြောင့် ဒိုင်းလည်ဟု အမည်ပေးခဲ့သည်။ ကျောက်စရစ်ပိုက်လည် သာဒိုင်းရဲ့ကြွယ် ရွာဒိုင်းလည်ဟု မှည့်ခေါ်ခဲ့ကြသည်။ ကာလရှည်ကြာလာတော့ ဒိုင်းလည်ရွာဟု အမည်တွင်ခဲ့သည်။

၁၉၆၂ခုမက်လ၂ရက်နေ့တွင်တော်လှန်ရေးအစိုးရတက်လာပြီးမြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်တွင်ဆည်မြောင်းတမံများတည်ဆောက်ခဲ့သည့်အထဲတွင်ခက်လန်းဆည်ပါဝင်ခဲ့သည်ထိုခက်လန်းဆည်တည်ဆောက်သောအခါဒိုင်းည်ရွာသည်ဆည်နယ်နမိတ်တွင်းတည်ရှိနေသောကြောင့်ဒိုင်းလည်ရွာမြောက်ပိုင်းရေဝင်လာသောအခါဒိုင်းလည်မြောက်ရွာကိုခွဲး၍နေရာရခဲ့သောကြောင့်ဒိုင်းလည်မြောက်ရွာရယ်လို့ဖြစ်လာပြီးတောင်ရွာ၊မြောက်ရွာနှစ်ရွာဖြစ်လာခဲ့သည်။ခက်လန်းဆည်ဖြစ်လာပြီးရေများဝင်ရောက်လာသောအခါထန်းတောကုန်း၊ငွေလေးကုန်း၊ဆားတောင်၊မြင်းခြံစသောရွာများမှရေလုပ်သားများအဖြစ်ငါးဖမ်းကြရင်းမပြန်ကြတော့ဘဲတစ်စတစ်စနဲ့ရေလုပ်သားများကိုရေလုပ်သားများကိုတစ်နေရာတည်းတွင်ရွာလေးတစ်ရွာဖြစ်ပြီးဒိုင်းလည်အရှေ့ရွာဟူ၍ဖြစ်ပေါ်လာခဲ့သည်။

**၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း**

ဒိုင်းလည်ကျေးရွာအတွင်းရှိအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများအားအဓိကထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။အရှေ့ဘက်ရွာမှာငါးဖမ်းလုပ်ငန်းလုပ်ကိုင်ပြီး တောင်ဘက်ရွာနှင့်မြောက်ဘက်ရွာသည် ထန်းတက်တောင်သူများစုဖွဲ့နေထိုင်ကြသည်ကိုတွေ့ရှိရပါသည်။ မြို့နှင့်အခြားကျေးရွာကျေးရွာများသို့အဓိကထားဆက်သွယ်သောလမ်းများမှာမိုးရာသီတွင် သွားလာရခက်ခဲနေသည်ကိုတွေ့ရှိရပါသည်။ နွေရာသီတွင် ရေရှားပါးမှုအားအချို့သောနှစ်များတွင် ကြုံတွေ့ရတတ်ပါသည်။ မိုးခေါင်ရေရှားမှုများနှစ်စဉ် ကြုံလာရပြီးစိုက်ပျိုးသီးနှံများဖြစ်ထွန်းမှုနည်းပါးလာနေသည်ကိုတွေ့ရှိရပါသည်။

အခြားသောရာသီများတွင် ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်နေကြရသောကြောင့် တပို့တွဲ၊တပေါင်း၊တန်ခူးလများတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထုပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ကိုတွေ့ရှိရပါသည်။ကျေးရွာအတွင်းလုပ်ငန်းခွင်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရပါသည်။ကျေးရွာအတွင်းအိမ်ထောင်စုများတွင်အလယ်အလတ်တန်းအဆင့် အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရပါသည်။လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းတွင်ကျေးရွာသားများပါဝင်ဆောင်ရွက်ရလျှင် ကျေးရွာအတွင်းရှိဆင်းရဲသောအိမ်ထောင်စုများအတွက် ဝင်ငွေအခွင့်အလမ်းတိုးတက်ရရှိမည်ဖြစ်ပါသည်။


ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့်အခြားအရေးကိစ္စရပ်အတော်များများတွင် အမျိုးသားများကအမျိုးသမီးများထက် ဦးဆောင်မှုတွင်ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုသာတွေ့ရှိရပြီးအမျိုးသမီးများသည် မိမိကိုယ်ကိုယုံကြည်စိတ်အားနည်းကာမှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့်အမျိုးသမီးများကိုလည်းကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သောအလေ့အကျင့်နှင့်လုပ်ကိုင်ခွင့် ပိုမိုရရှိအောင် ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသောအဖွဲ့အစည်းအတော်များများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအဖွဲ့အစည်းများသည် အချို့သောကျေးရွာပြင်ပဖွံ့ဖြိုးရေးအဖွဲ့အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလည်းချိတ်ဆက်မှု အားကောင်းသည်ကိုလည်းတွေ့ရှိရပါသည်။

## ၆။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတ ပြမြေပုံ( Social Map / Resource Map) | ၃၀/၁၁/၂၀၁၇ | တစ်ရွာလုံး | ၆၀ | ၈၀ | ၁၄၀ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊အဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေစိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၃၀/၁၁/၂၀၁၇ | တစ်ရွာလုံး | ၆၀ | ၈၀ | ၁၄၀ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေးရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၃၀/၁၁/၂၀၁၇ | တစ်ရွာလုံး | ၆၀ | ၈၀ | ၁၄၀ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၃၀/၁၁/၂၀၁၇ | ရပ်မိရပ်ဖ တစ်ရွာလုံး | ၆၀ | ၈၀ | ၁၄၀ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြားချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၃၀/၁၁/၂၀၁၇ | အမျိုးသားများ၊အမျိုးသမီးများ | ၆၀ | ၈၀ | ၁၄၀ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူးအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ် မှတ်ခြင်း ( Wealth Ranking) | ၃၀/၁၁/၂၀၁၇ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အနွမ်းပါးဆုံး | ၆၀ | ၈၀ | ၁၄၀ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစားခဲ့ကြသည်။ |

## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေး အရင်းမြစ်ပြမြေပုံ

ကျေးရွာ-ဒိုင်းလည် ရက်စွဲ - ၃၀.၁၁.၂၀၁၇

အုပ်စု - ဒိုင်းလည်

## ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-ကျေးရွာမှာအဓိက အသက်မွေးဝမ်းကြောင်းနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ရေလုပ်ငန်းများ လုပ်ကိုင်စားသောက် ကြပါသည်။

-လုပ်ကိုင်စားသောက်ရန် လယ် ၊ ယာ မြေတွေရှိပါသည်။

-လွန်ခဲ့သော (၅) နှစ် နှင်စာလျင် လယ် ၊ ယာ မြေတွေလျော့နည်းလာပါသည်။ အမွေခွဲဝေပေးခြင်း သို့မဟုတ် စီးပွားရေး အဆင်မပြေသောကြောင့် ရောင်းစားရခြင်းတို့ဖြင့် လယ် ၊ ယာမြေများ လျော့နည်းလာခြင်း ဖြစ်လာပါသည်။

-ကျေးရွာမှာ သီးခြားနေထိုင်သော မိသားစုတွေလို့တော့မရှိပါ။


-ကျေးရွာမှ တခြားနေရာဒေသသို့ ပြောင်းရွှေ့လုပ်ကိုင် နေထိုင်သူများလည်း ရှိပါသည်။

-ယခုမြေပုံမှာ ကျေးရွာမှာ အဆောက်အဦးပိုင်းဆိုင်ရာ ပြည့်စုံမှု မရှိသေးပါ။ ရှိပြီးသား အဆောက်အဦးများမှာလည်း ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသေးသည်။

-ကျေးရွာမှာ ထပ်မံလိုအပ်သော အဆောက်အဦး လုပ်ငန်းတွေက လျပ်စစ်မီး ၊ ကျေးရွာချင်းဆက်လမ်း ၊ ကျေးလက်ဆေးပေးခန်း ၊ တံတားပြုပြင် ၊ စာသင်ကျောင်းပြုပြင်ခြင်း လုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်ပါသေးသည်။

-စီမံကိန်းပထမနှစ်စက်ဝန်းတွင် ရွာတွင်းလမ်း ပြုပြင်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲပါသည်။

# (ခ)ရာသီခွင်ပြ ပြက္ခဒိန်ဇယား



# ရာသီခွင်ပြ ပြက္ခဒိန် ဇယား

ကျေးရွာ- ဒိုင်းလည် ရက်စွဲ - ၃၀.၁၁.၂၀၁၇

အုပ်စု -ဒိုင်းလည်

**ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း**

-ယခုရေးဆွဲးထားသော ပြက္ခဒိန်မှာ အဓိက စိုက်ပျိုးရေး ၊ ရာသီပွဲတော် ၊ ဝင်ငွေ ၊ ရာသီဥတုအခြေအနေ ၊ သောက်သုံးရေတို့ ပါဝင်ပါသည်။

-ကျေးရွာမှာ အဓိကစိုက်ပျိုးသော သီးနှံတွေမှာ ပဲစင်းငုံ ၊ မြေပဲ ၊ စပါး စသည်တိုဖြစ်ပါသည်။

-ဝင်ငွေရရှိမှုမှာ နတ်တော် ၊ ပြာသို ၊ တပိုတွဲးလ တို့တွင် ဝင်ငွေကောင်းပါသည်။ တန်ဆောင်မုန်း ၊ သီတင်းကျွတ် လ တွေမှာ ရှားပါးပါသည်။

-အမျိုးသား လုပ်အားခ (နေ့စား) = ၅၀၀၀ကျပ်

-အမျိုးသမီး လုပ်အားခ (နေ့စား) =၃၀၀၀ကျပ်

-လုပ်အားခမှာ အမျိုးသားများက များနေပါသည်။ အမျိုးသားများက လုပ်အားပိုပြီး လုပ်နိုင်သောကြောင့် ဖြစ်ပါသည်။

-ဝင်ငွေမရှိသောလတွေမှာ အခြားသိုသွားရောက်လုပ် ကိုင်ရခြင်း ၊ ငွေတိုးချေး ၊ ပစ္စည်းပေါင် သီးနှံများကို ကြိုရောင်းခြင်းများ ပြုလုပ်ရပါသည်။

-သဘာဝဘေးအန္တရယ် အနေနဲ့ လေနီကြမ်းတိုက်ခက်ခြင်းကြောင့် အိမ်များ အမိုးမကာများ ပျက်စီးပါသည်။

-ကျေးရွာသောက်သုံးရေမှာ လုံလုံလောက်လောက် အသုံးပြုနိုင်ပါသည်။

-ကျေးရွာမှာ မိုးရာသီမှာအလုပ် ရှုပ်ပါသည်။

-နွေရာသီတွင် စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက် သင့်ပါသည်။

## (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာအမည် ဒိုင်းလည်
ကျေးရွာအုပ်စု- ဒိုင်းလည်

ရက်စွဲ- ၃၀.၁၁.၂၀၁၇

ဥစ္စာဓန အဆင့်သတ်မှတ်ချက် ပုံစံပြဇယား

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ချမ်းသာ | မြေယာပိုင်ဆိုင်မှု ကေ(၂၀)၊ အိုးအိမ်၊ တိုက်၊ ဆော်လာကျို၊ ထယ်ယာသုံးစက်ပစ္စည်းပစ္စည်းများ | ၂၀ | ၇.၉၄% |
| ၂။ | အလယ်အလတ် | ဝါးထရံအိမ်၊ သွပ်မိုး၊ မြေကေ (၅-၁၀) ကေကြား ဆိုင်ကယ်ပစ္စည်းများ | ၁၀၀ | ၃၉.၆၈% |
| ၃။ | ဆင်းရဲ | ထရံကာ သွပ်မိုး၊ မြေကေ(၅) ကေအောက်၊ ဆိုင်ကယ်၊ | ၈၀ | ၃၁.၇၅% |
| ၄။ | အလွန်ဆင်းရဲ | မြေမဲ့ ယာမဲ့ လက်လုပ်လက်စား တနိုင်ကွက်တဲ | ၅၂ | ၂၀.၆၄ % |
| | | စုစုပေါင်း | ၂၅၂ | ၁၀၀% |

# ဥစ္စာခနေ ကြွယ်ဝမှုပြဇယား

ကျေးရွာ- ဒိုင်းလည် ရက်စွဲ- ၃၀.၁၁.၂၀၁၇

အုပ်စု-ဒိုင်းလည်

**ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း**

-ကျေးရွာမှာ အိမ်ထောင်စု (၂၅၂) ရှိပါသည်။

-ကျေးရွာရှိအိမ်ထောင်စုမှာ အဆင့်(၁) ၂၀စု ၊ အဆင့်(၂) ၁၀၀စု ၊ အဆင့်(၃) ၈၀စု နှင့် အဆင့်(၄) ၅၂စု ရှိပါသည်။

-ကျေးရွာရှိ အိမ်ထောင်စုတွေမှာ အဆင့်(၂) ၊ အဆင့်(၃)နှင့် အဆင့်(၄)မှာ များနေပါသည်။


-အဆင့်(၂) ၊ အဆင့်(၃)နှင့်(၄) များနေရခြင်းမှာ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေခြင်း ၊ အလုပ်အကိုင် အခွင့်အလမ်း နည်းနေခြင်းတို့ကြောင့်ဖြစ်ပါသည်။

-ဆင်းရဲနွမ်းပါးသူတွေကို စီမံကိန်းတွင် ပါဝင်လာအောင် ချန်လက်မထားပဲ နေရာပေးသင့်ပါသည်။

-ကျေးရွာအတွက် အခြေခံအဆောက်အဦးဆောက်ရာတွင် ဆင်းရဲနွမ်းပါးသူများနှင့် တစ်ရွာလုံးအတွက် ကောင်းပါသည်။

-စီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်သော အခြေခံအဆောက်အဦးဆောက်လုပ်ရာတွင် ကျွမ်းကျင်လုပ်သား ၊ နေ့စားလုပ်သားတွေအတွက် ကောင်းပါသည်။

## (ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ပင့်ကူအိမ် သုံးသပ်ချက်

ကျေးရွာ- ဒိုင်းလည် ရက်စွဲ-၃၀.၁၁.၂၀၁၇

အုပ်စု-ဒိုင်းလည်

**ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း**

-လုံခြုံမှု ၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်တွေမှာ အမျိုးသားတွေက အမျိုးသမီးတွေထက် အမှက်များနေပါသည်။

-အိမ်မှုကိစ္စတွေမှာ အမျိုးသမီးတွေက အမှက်များနေပါသည်။

-အမှက်တွေကွာဟနေရသော အကြောင်းအရင်းမှာ အမျိုးသားတွေက သွားလာမှု များသောကြောင့် ၊ အမျိုးသမီးတွေထက် ဗဟုသုတ ပိုများသောကြောင့်ဖြစ်သည်။အမျိုးသမီးတွေက အမျိုးသားတွေရဲ့ လွှမ်းမိုးမှုကြောင့် မိမိကိုယ်ကို ယုံကြည်မှုအားနည်းနေခြင်းဖြစ်သည်။


-အမျိုးသား ၊ အမျိုးသမီး ကွာဟမှုမရှိပဲ တိုးတက်လာအောင် နေရာပေးလက်တွဲခေါ်ရန် လိုအပ်ပါသည်။

-ကျေးရွာတွင် လိုအပ်တဲ့ စီမံကိန်းလုပ်ဆောင်ရာတွင် အမှန်တစ်ကယ် အခက်အခဲ ကြုံတွေ့နေရသော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

-အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ယှဉ်ရင် အဓိကကြုံတွေ့နေရသော အခက်အခဲမှာ အမျိုးသမီးများ ဖြစ်နေသောကြောင့် သွားလာမှု ၊ လုံခြုံမှုတွေမှာ ခက်ခဲနေပါသည်။

-အမျိုးသမီးများတင်ပြသော အခက်အခဲဆွေးနွေး ဆုံးဖြတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါသည်။

## (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



# အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံပြဇယား

ကျေးရွာ-ဒိုင်းလည် ရက်စွဲ -၃၀.၁၁.၂၀၁၇

အုပ်စု-ဒိုင်းလည်

**ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း**

-ကျေးရွာတွင် အဖွဲ့အစည်း (၁၂)ဖွဲ့ရှိပါသည်။

-သာရေး ၊ နာရေးတွေကို ပရဟိတအဖွဲ့ တွေကလုပ်ပါသည်။

-အုပ်ချုပ်ရေးမှူးအဖွဲ့မှ ကျေးရွာလုံခြုံရေးကိုလုပ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့ နှင့် တခြားအဖွဲ့များမှာ ချိတ်ဆက်မှု ရှိပါသည်။

-ယခုအဖွဲ့အစည်းများတွင် အမျိုးသား ၊ အမျိုးသမီးပါဝင်မှုမှာ အမျိုးသားများက ပိုများနေပါသည်။

-ကျေးရွာခေါင်းဆောင်များက ကျေးရွာအဖွဲ့များတွင် အကြံပေးနေရာကပါဝင်ပါသည်။

-ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဖွဲ့ရန်လိုအပ်ပါသည်။


-ကျေးရွာတွင်းရှိအဖွဲ့အစည်းများမှာ ချိတ်ဆက်မှု အားကောင်းပါသည်။

-ကျေးရွာပြင်ပရှိအဖွဲ့အစည်းများမှာ ကျေးရွာနှင့် ချိတ်ဆက်မှု အားနည်းနေပါသည်။

-လုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ ချိတ်ဆက်မှု အားကောင်းရန် လိုအပ်ပါသည်။

-ကျေးရွာခေါင်းဆောင်းများသည် လူမှုရေးအဖွဲ့ ၊ သက်ကြီးရွယ်အိုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

## (စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား



[illegible]

ကျေးရွာ - ဒိုင်းယည်

အုပ်စု - ဒိုင်းယည်

ရက်စွဲ - ၃၀.၁၁.၂၀၁၇

ကျား



ထွန်စက်
တောင်ယာကျိ
လှည်း
ရေ
ဗွားစာစင်းတော်
ကား
ဗွား
အိမ်
သာ
ဘုန်းကြီးကျောင်း
ရတွင်း
အပ်ချုပ်စက်
ယက်ကန်းစင်
ရတွင်း

မ



မီးဖိုချောင်သုံးပစ္စည်း
ချည်ထိုးရက်

ကျား / မ



ဖုန်း
ဆိုင်ကယ်
ယမ်း
စာသင်ကျောင်း

## ပိုင်ဆိုင်မှုဆန်းစစ်ခြင်း

ကျေးရွာ-ဒိုင်းလည် ရက်စွဲ-၃၀.၁၁.၂၀၁၇

အုပ်စု-ဒိုင်းလည်

### ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-အမျိုးသမီးများ အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းတွေက အပ်ချုပ်စက် ၊ ယက်ကန်းစင် ၊ လက်ဝတ်ရတနာ စသည်တို့ဖြစ်ကြပါသည်။

-အမျိုးသားများ အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းတွေက လှေ ၊ လှည်း ၊ ထွန်စက် ၊ ထော်လာဂျီ ၊ ခွန်ဒေါင်း ၊ ပေါက်ပြား ၊ တူရွင်း ၊ ဓါး စသည်တို့ဖြစ်သည်။

-အမျိုးသား ၊ အမျိုးသမီး အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းတွေက ကျောင်း ၊ ရေတွင်း ၊ ရေကန် ၊ အိမ် ၊ လမ်း ၊ ဖုန်း ၊ ဆိုင်ကယ် စသည်တို့ဖြစ်ကြပါသည်။

-ယခုအသုံးပြုနေသော အဆောက်အဦး လုပ်ငန်းတွေကို အများဆုံး အမျိုးသားများက ထိန်းချုပ်ထားပါသည်။

-အမျိုးသမီးများအသုံးပြုမှုများကို အမျိုးသားများက ထိန်းချုပ်ရခြင်းမှာ အမျိုးသားများက ဦးဆောင်နေသောကြောင့်ဖြစ်သည်။

-မိသားစုရပ်ရွာအတွင်း အသုံးမှုရော ဆုံးဖြတ်ရာတွင်ပါ အမျိုးသား ၊ အမျိုးသမီး အတူတူလုပ်သင့်ပါသည်။

## ၈။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









# ၉။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် [illegible] | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-785926956 | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | 252 | ဘာသာ (၁) ဗုဒ္ဓ | 252 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 7 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 76 | | |
| စစ်ဘေးရှောင် | 0 | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | 579 | 649 |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 252 | 20 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | ဓေတီ | ✓ |
| အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ✓ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ✓ | လက်သမား | ✓ | ✓ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ✓ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ✓ | ✓ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ✓ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း ✓ |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း ✓ | အခြား ရေလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ ✓

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 15 min---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ---------------

မိုးရာသီတွင်ကြာချိန်----- 40 min-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား (လှေ)-------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------ မရှိ ------------------------
(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးငွေထွန်း

လက်မှတ် နေ့စွဲ ၂၀ - 11 - ၂၀17

လူထုစည်းရုံးရေးမှူး အမည် ဦးရဲအောင်

လက်မှတ် နေ့စွဲ ၂၀ - 11 - ၂၀17

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဂါအောင် | | | |
| နေ့စွဲ ၂၁.၂.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် နွားထိုးကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၁၁.၁၇ | ၂၇.၁၁.၁၇ | ၇၉ | ၆၃ | ၁၄၂ | ၁၄၂ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃၀.၁၁.၁၇ | ၃၀.၁၁.၁၇ | ၆၀ | ၈၁ | ၁၄၁ | ၁၄၁ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၈.၁၂.၁၇ | ၈.၁၂.၁၇ | ၁၀ | ၉ | ၁၉ | ၁၉ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၁.၁၂.၁၇ | ၁၁.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဂျဲနော်ကင် | | | |
| နေ့စွဲ 30.11.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် နွားထိုးကြီး ကျေးရွာအုပ်စု ဒိုင်းလှည် | ကျေးရွာ ဒိုင်းလှည် | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လူငယ်များ မဟုတ်သူတန်ခူးပါးခြင်း | ၁ | သောက်သုံးရေ တစ်နှစ်ပတ်လုံးလောက်မှုမရှိခြင်း |
| ၂ | လျှပ်စစ်မီး မရှိသည့်အတွက် အခက်ခဲ | ၂ | လျှပ်စစ်မီး မရှိသည့်အတွက် အခက်ခဲပါသည် |
| ၃ | ဒိုင်းလှည်မြောက်ရွာ လမ်း မိုးကာသီ သွားလာရေး | ၃ | ဒိုင်းလှည်မြောက်ရွာ လမ်း မိုးကာသီ သွားလာရေး အခက်ခဲ |
| ၄ | ဒိုင်းလှည် ဒေါင်းဘိုး လမ်း မိုးကာသီ သွားလာရေး | ၄ | ဒိုင်းလှည် ဒေါင်းဘိုး လမ်း မိုးကာသီ သွားလာရေး အခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လူငယ်များ မဟုတ်သူ တန်ခူးပါးစေရန် | ၁ | သောက်သုံးရေ ပုံလောက်စွာ ရရှိစေရန် |
| ၂ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရေး နှင့် ညဘိုင်း လုံခြုံ | ၂ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရေး နှင့် ညဘိုင်း လုံခြုံစွာ သွားလာနိုင်ရေး |
| ၃ | ဒိုင်းလှည်မြောက်ရွာ ကာသီမရွေး သွားလာမှု အဆင်ပြေစေရန် | ၃ | ဒိုင်းလှည်မြောက်ရွာ ကာသီမရွေး သွားလာရေး အဆင်ပြေစေရန် |
| ၄ | ဒိုင်းလှည် ဒေါင်းဘိုး လမ်း မိုးကာသီ သွားလာရေး | ၄ | ဒိုင်းလှည် ဒေါင်းဘိုး လမ်း မိုးကာသီ သွားလာရေး အဆင်ပြေစေရန် |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီးလင်းရေး (အစဉ်မြဲ) | ကျား/မ | | ၁၄၄၈ |
| ၂ | ရွာချင်းဆက်လမ်း (ဒိုင်းလှည်/မြောက်ရွာ) | ကျား/မ | | ၁၄၄၈ |
| ၃ | ရွာချင်းဆက်လမ်း (ဒိုင်းလှည်/ဒေါင်းဘိုး) | ကျား/မ | | ၁၄၄၈ |
| ၄ | သောက်သုံးရေကန် ပြုပြင်ခြင်း | ကျား/မ | | ၁၄၄၈ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | ဘိုးဘက်မှု လုပ်ငန်းစဥ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | ကျန်းမာရေး ဆေးပေးခန်း | မ | |
| ၂ | [illegible] | မ | |
| ၃ | စာကြည့် တိုက် | ကျား | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး ကြည်ဝင်းနိုင်--- လက်မှတ် ---[signature]--- နေ့စွဲ---30.11.2017---

# ၁၂။အစည်းအဝေးမှတ်တမ်းများ

1

မန္တလေးတိုင်းဒေသကြီးနွားထိုးကြီးမြို့နယ်

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စီမံကိန်းဆက်ဝန်း

## အစည်းဝေးမှတ်တမ်း

ကျေးရွာအုပ်စု - ခိုင်းယည်

ကျေးရွာအမည် - ခိုင်းယည်

အစည်းအဝေးအမည် - ပထမအကြိမ်အစည်းအဝေး

အစည်းဝေးကျင်းပသည့်နေရာ - ခိုင်းယည်ကျေးရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်း

တက်ရောက်သည့်လူဦးရေ - ကျား-၅၉ ၊မ-၆၃

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၄.၁၁.၂၀၁၇

အစည်းအဝေးစတင်ချိန် - ၁း၀၀ (PM)

အကြောင်းအရာ။

(ဆွေးနွေးချက်များ)

[illegible] ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း၊ ကော်မတီဝင်များဖြည့်သွင်းအတည်ပြုရွေးချယ်ခြင်း

ဆွေးနွေးချက်(၁)

ခိုင်းယည်ကျေးရွာအုပ်ချုပ်ရေးမှူး ဦး[illegible]မှ အဖွင့်အမှာစကားပြောကြားခြင်း - အဖွင့်အမှာစကား ပြောကြားရာတွင် အစည်းအဝေးတက်ရောက်လာသူများကို ကျေးဇူးတင်ကြောင်း ပြောကြားခြင်း၊ ခိုင်းယည်ကျေးရွာသည် တခြားရွာတွေလိုမဟုတ်ပဲ ခိုင်းယည်အုပ်စု ခိုင်းယည်ကျေးရွာလို့ သာတူရင်းပေါက်ပြီး ခိုင်းယည်တောင်ရွာ၊ မြောက်ရွာ၊ အလျားရွာဟုသို့ တရင်းမပေါက်သေးသောကြောင့် စီမံကိန်း လုပ်ငန်းတွေကို ဘယ်ရွာမှာပဲ အကောင်အထည်ဖော်ဆောင်ရွက်သည် ဖြစ်စေ စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး ပြောကြားခြင်းနှင့် အစည်းအဝေးခေါ်ယူတိုင်းတက်ရောက်ပေးဖို့နှင့် အစည်းအဝေးကိုလည်းပြီး ဆုံးသည်ထိတက်ရောက်ဖို့ပြောကြား

ဆွေးနွေးချက်(၂)

လူထုစည်းရုံးရေးမှူး ဦး[illegible]အောင်ဖြ ယခင်နှစ်က အကြောင်းအရာများကို

ကျေးရွာလူထုနှင့် အဖွဲ့အစည်း ဆွေးနွေးပြောကြား ဖိတ်ကြားမိတ်ဆက် (၁၅) ချက် အကျယ်တဝင့် ရှင်းလင်းပြောကြား ကျေးရွာလူထုနှင့် အဖွဲ့အစည်းဆွေးနွေး၊ မေးမြန်း လိုသော အကြောင်းအရာများ မရှင်းလင်းသော အကြောင်းအရာများကို ဖြည့်စွက်ဆွေး နွေးနိုင်ကြောင်း ပြောကြားရင်း ကျေးဇူးတင်ကြောင်း ပြောကြား၊ ဆက်လက်ပြီး မိ တ်ကိုးစကားဝိုင်း ပါ အပိုင်း (၆) ပိုင်းနှင့် အခန်း (၁၄) ခန်းကို အကျယ်တဝင့်ရှင်း ပြ ဘယ်အခန်းကိုရောက်ပြီလဲဟု မေးမြန်း၊ ဘယ်အခန်း ရောက်ချင်သည်ကို စိတ်ဝင်စားလဲဟု မေးမြန်းပြီး အဖွဲ့အစည်းဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးချက် (၃)

လူထုစည်းရုံးရေးမှူး ဦးအောင်ဥာဏ်အောင် မှ တောင်ယာထွန်ယက်မှု အကြောင်း ကို ရှင်းလင်းပြောကြားရာတွင် ကျေးရွာလူထု၏ တောင်ယာထွန်ယက်မှုများ၊ ကျေးရွာအုပ်ချုပ် ရေးမှူး၏ တောင်ယာထွန်ယက်မှုများ၊ ရပ်မိရပ်ဖများ၏ တောင်ယာထွန်ယက်မှုများနှင့် ကော်မတီတစ်ခု ချင်းစီ ရှိသော တောင်ယာထွန်ယက်မှုများကို ရှင်းလင်းပြောကြားပြီး၊ စေတနာ့ဝန်ထမ်း နှစ်ဦးကို ဖြည့်စွက်အကြံပြုဆွေးနွေးပေးခဲ့သည်။ ဆက်လက်ပြီး ယခင်နှစ်မှ ရေးဆွဲထားသော PRA များကို ဖြည့်စွက်၍ ထို့တက်ကြောင်းလမ်းများနှင့် ဖြည့် စွက်ရမည့်များကို ဖြည့်စွက်ပေးခဲ့ပါသည်

ဆုံးဖြတ်ချက်များ

ဥက္ကဋ္ဌကြီးမှ အစည်းအဝေးကိုလည်း စုံစုံညီညီ တက်ရောက်ပေးလို့နှင့် အချိန်မီတက်ရောက်ဖို့ပြောကြား၊ ပထမနှစ်စက်ဝိုင်း အတိုင်း ဆက်လက်လုပ်ဆောင် သွားရမည်ဖြစ်ကြောင်းနှင့် ကော်မတီဝင်များကိုဖြည့်စွက်ဖွဲ့စည်းနိုင်ကြောင်း၊ လုပ် ငန်းများကို ဖြည့်စွက် ဆွေးနွေးနိုင်ကြောင်း ရှင်းလင်းပြောကြားပြီး အစည်းအဝေး ကို ပြီးဆုံးကြောင်း ပြောကြားရင်း ကျေးဇူးတင်ကြောင်း ပြောကြား၍ ပထမအ ကြိမ် အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

(signature)
မှတ်တမ်းတင်သူ
ဒေါ်ခင်မာဝေ
စေတနာ့ဝန်ထမ်း

(signature)
အတည်ပြုသူ
ဦးကြည်ဝင်း
စီ/ထောက် ဥက္ကဋ္ဌ

မန္တလေးတိုင်းဒေသကြီးနွားထိုးကြီးမြို့နယ်

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်း

## အစည်းဝေးမှတ်တမ်း

ကျေးရွာအုပ်စု - ဦးဝင်းလည်

ကျေးရွာအမည် - ဦးဝင်းလည်

အစည်းအဝေးအမည် - ဒုတိယအကြိမ်အစည်းအဝေး

အစည်းဝေးကျင်းပသည့်နေရာ - ဦးဝင်းလည်ရွာ ၊ ဘုန်းတော်ကြီးကျောင်း

တက်ရောက်သည့်လူဦးရေ - ကျား - ၆၀ ၊ မ - ၈၁

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၃၀.၁၁.၂၀၀၇

အစည်းအဝေးစတင်ချိန် - ၁:၀၀ (PM)

အကြောင်းအရာ။

(ဆွေးနွေးချက်များ)

ဒုတိယအစည်းဝေးအတွက် ကော်မတီဝင်များဖြစ်သည့် အတည်ပြုရွေးချယ်ခြင်းနှင့် ဦးစားပေးလုပ်ငန်းများ ဖြစ်သည့် ရွေးချယ်ခြင်း

ဆွေးနွေးချက် (၁)

ဦးဝင်းလည် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း အဖွင့်အမှာစကားပြောကြားရာတွင်- ယခင်အခေါက်ကလဲ ပြောခဲ့ပြီးပြီ ဆိုတော့ ထပ်ပြီးတွေ့တွေ့ထူးထူး ပြောတော့မှာ မဟုတ်ပါဘူး၊ တက်ရောက်လာသူတွေအားလုံး အခုလိုမျိုး ပါဝင်ပါဝင် ဆွေးနွေးပေးကြဖို့နှင့် အစည်းအဝေးပြီးဆုံးသည်ထိ တက်ရောက်ရန် ပြောကြားသည်။

ဆွေးနွေးချက် (၂)

ယခုစုစည်းရုံးရေးမှူး ဆရာကြီးဦးအောင်မှ ယခုဒုတိယအကြိမ်အစည်းအဝေးမှ စီမံကိန်းမိတ်ဆက်(၁၅) နှင့် စီမံကိန်းစက်ဝန်းနှင့် PRA များအကြောင်းကို ဖြစ်သည့်ဒေသ ပြုရာတွင် ကျေးရွာလူထု ဖွဲ့စည်းသဘောတူ ဖြစ်သည့် ပြောကြား၊ ဆက်လက်ပြီး ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ဖြစ်သည့် ပြောကြားပြီး ကော်မတီဝင်များကို ဖြစ်သည့် အတည်ပြုရွေးချယ်ခြင်း

ကော်ဖတ်ဝါလဲပွဲခြင်းပြီးမှာဆက်လက်မွေးမြူနိုင်သောကော်ဖတ်ဝင်များနှင့်၊ ကျေးရွာလူထုမှ သဘောမကျသော ကော်ဖတ်ဝင်များကို ပြန်လည်ပဲ ပေးရွေးချယ်ခြင်း ကော်ဖတ်ဝင်များ အတည်ပြု ရွေးချယ်ပြီးသောအခါ အောက်ဖော်ပြပါ ကျင့်ဝတ်များကို ဖတ်ပြခဲ့ အောင်ရန် (၅) ချက် ရှောင်ရန် (၅) ချက်ကို ရှင်းပြခြင်း၊ အစည်းအဝေးပြီးဆုံးသောအခါ လက်မှတ်ထိုးရန်နှင့် မှတ်တမ်းတင်ဓါတ်ပုံရိုက်ခြင်း ဖြစ်သောကြောင့် ကော်ဖတ်ဝင်များ အစည်းအဝေးပြီးသည့်အခါ ရှာခဲ့ပေးရန် ပြောကြားပါသည်။

ဆွေးနွေးချက် (၃)

ဆရာဦးအောင်ညွှန့်အောင်က ယခင်နှစ်က ရွေးချယ်ထားသော ဦးစားပေးလုပ်ငန်းများကို ပြန်လည်တင်ပြ၍ ယခုနှစ်တွင် ဘာလုပ်ငန်းများကို ထပ်ဖြည့်ရန်ရှိသလဲဆိုသည်ကိုမေးမြန်း၊ ဦးစားပေးအဖြစ်ဘယ်အရာကို ယခုနှစ်မှာ လုပ်ခြင်းလဲဟု မေးမြန်းရာတွင် ကျေးရွာလူထုမှ ဦးစားပေး (၁) ဖြစ်သော လမ်းအား ကောင်းသော်လည်း အပ်ချက်ဖြစ်သော လျှပ်စစ်မီးသွယ်တန်းခြင်းကို ဦးစားပေးအဖြစ် ပြောင်းလဲစေခဲ့ပြီး ဆွေးနွေးတင်ပြပါသည်။

ဆွေးနွေးချက် (၄)

ပက်တောက်နည်းပညာမှူး ဒေါ်ကောင်းနွယ်မှ အကျိုး(ဝင်၊ထွက်) သောလုပ်ငန်းများကိုရှင်းလင်းပြောကြား၊ အကာအကွယ်များဖြစ်သော လူမှုပတ်ဝန်းကျင် အကာအကွယ်နှင့် သဘာဝပတ်ဝန်းကျင် အကာအကွယ်များကို ရှင်းလင်းပြောကြားသည်။

ဆုံးဖြတ်ချက်များ

ကျေးရွာလူထုအားလုံး၊ ကော်ဖတ်ဝင်များအားလုံး၏ သဘောတူညီမှုအရ ယခုနှစ်တွင် ခိုင်းလည်ခြောက်ရွာ၊ အရှေ့ရွာတို့ကို လျှပ်စစ်မီးသွယ်တန်းသော လုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ပြီး၊ တတိယနှစ်တက်ရန်တွင် ခိုင်းလည်တောင်ရွာကို လျှပ်စစ်မီးသွယ်တန်းသောလုပ်ငန်းကိုလုပ်ကိုင်ရန် သဘောတူညီမှာ ဆုံးဖြတ်၍ အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

| | |
|---|---|
| (၈) | [signature] |
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဒေါ်ခင်အေးမွေး | ဦးကြည်တွင်းဦး |
| စေတနာဝန်ထမ်း | ဦး/ထောက် ဥက္ကဋ္ဌ |

၁၃။ဒိုင်းလည်ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | စေတနာ့ဝန်ထမ်း အမည် | ကျား/မ | အသက် | လူမျိုးစု | ကော်မတီ / ရာထူး /Chairperson | လိပ်စာ | ဖုန်း |
|---|---|---|---|---|---|---|---|
| ၁ | ဦးဟန်ရွှေ | Male | 57 | ဗမာ | ကျေးရွာစေတနာ့ ဂန်ထမ်း | ဒိုင်းလည် မြောက်ရွာ | 9789131541 |
| ၂ | ဒေါ်ခင်မာထွေး | Male | 41 | ဗမာ | ကျေးရွာစေတနာ့ ဂန်ထမ်း | ဒိုင်းလည် မြောက်ရွာ | 9785926959 |
| ၃ | ဒေါ်တင်သန်နွယ် | Female | 44 | ဗမာ | ဝယ်ယူရေး ဆပ်ကော်မတီ | ဒိုင်းလည် မြောက်ရွာ | 9791386064 |
| ၄ | ဦးဝင်းနိုင်ဦး | Male | 48 | ဗမာ | ဝယ်ယူရေး ဆပ်ကော်မတီ (Yes) | ဒိုင်းလည် မြောက်ရွာ | 9796399906 |
| ၅ | ဦးဝင်းဇော်ဦး | Male | 41 | ဗမာ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ (Yes) | ဒိုင်းလည် မြောက်ရွာ | 9789131541 |
| ၆ | ဦးကျော်နိုင်ဦး | Male | 45 | ဗမာ | ဘဏ္ဍာရေး ဆပ်ကော်မတီ (Yes) | ဒိုင်းလည်အရှေ့ရွာ | 9979172111 |
| ၇ | ဒေါ်နင်းရီ | Female | 42 | ဗမာ | ဘဏ္ဍာရေး ဆပ်ကော်မတီ | ဒိုင်းလည်အရှေ့ရွာ | 9778766268 |
| ၈ | ဒေါ်တင်နွဲ့ရီ | Female | 30 | ဗမာ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ဒိုင်းလည်အရှေ့ရွာ | 9778766268 |
| ၉ | ဒေါ်ဆန်းနွဲ့ | Female | 45 | ဗမာ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ (Yes) | ဒိုင်းလည်အရှေ့ရွာ | 9793991683 |
| ၁၀ | ဦးကြည်ထွန်းဦး | Male | 49 | ဗမာ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ (Yes) | ဒိုင်းလည် တောင်ရွာ | 9797592538 |
| ၁၁ | ဦးငွေးလှိုင် | Male | 45 | ဗမာ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ဒိုင်းလည် တောင်ရွာ | 933276995 |
| ၁၂ | ဦးသန်းဇော် | Male | 38 | ဗမာ | ဝယ်ယူရေး ဆပ်ကော်မတီ | ဒိုင်းလည် တောင်ရွာ | 9789396549 |
| ၁၃ | ဒေါ်ခင်မိုးဆွေ | Female | 32 | ဗမာ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ (Yes) | ဒိုင်းလည် တောင်ရွာ | 9768010872 |
| ၁၄ | ဒေါ်ခင်မေသန်း | Male | 46 | ဗမာ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ (Yes) | ဒိုင်းလည် တောင်ရွာ | 9786111533 |
| ၁၅ | ဦးသန်းနိုင် | Male | 43 | ဗမာ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ | ဒိုင်းလည် တောင်ရွာ | 9797813155 |
| ၁၆ | ဒေါ်ဝင်းဆန်း | Female | 32 | ဗမာ | ကျေးရွာ ဘဏ္ဍာရေး စာရေး | ဒိုင်းလည် တောင်ရွာ | 9785924123 |
| ၁၇ | ဦးချစ်ပုံ | Male | 54 | ဗမာ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ဒိုင်းလည် တောင်ရွာ | 930115819 |
| ၁၈ | ဦးမွန်ကျော် | Male | 59 | ဗမာ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ဒိုင်းလည် တောင်ရွာ | 9771993670 |
| ၁၉ | ဒေါ်သင်းသင်းဆွေ | Female | 28 | ဗမာ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ဒိုင်းလည် တောင်ရွာ | 9795901929 |

## ၁၄။ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအဖွဲ့အစည်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

ကျေးရွာ- ဒိုင်းလည်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | ဒိုင်းလည်ရွာတွင်းလမ်း | ☑ မ ☑ ကျား | CDD ကော်မတီဝင်များ; ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | ဖက်ဒူး - ဒိုင်းလည် ရွာချင်းဆက်လမ်း | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၃ | ဒေါင်တိုး - ဒိုင်းလည် ရွာချင်းဆက်လမ်း | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | သောက်ရေကန်ပြုပြင်ခြင်း | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | ဆေးပေးခန်း | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | တကျော့ဝိုက် | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | တာဘင်ကျော့ | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၃ | တာဘင်ကျော့ သုတ်ခံသင်္ဂြိုဟ် | ☑ မ ☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ<br>☑ ကျား | ၁၀၅ [illegible] မသိ၊ ကျေးရွာလူထု | မရှိတော့ပါ |
| | ၂ | လျှပ်စစ်မီး | ☑ မ<br>☑ ကျား | ကျေးရွာလူထု | မရှိတော့ပါ |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

၁၅။ VDP အရည်အသွေး ထိန်းချုပ်မှု

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ရှိ
    - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –